VERMONT
DEPARTMENT OF LABOR

# တန်းတူ အခွင့်အရေးသည် ဥပဒေဖြစ်သည်။

ဖယ်ဒရယ်အစိုးရ၏ ငွေကြေးအကူအညီကို လက်ခံရရှိသူအနေဖြင့် အောက်ဖော်ပြပါ အခြေခံအချက်များအရ ခွဲခြားဆက်ဆံလျှင် ၎င်းသည် ဥပဒေကို ချိုးဖောက်ရာရောက်သည်- အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူတစ်ဦးဦးအား ၎င်း၏လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ (ကိုယ်ဝန်ဆောင်၊ ကလေးမွေးဖွားခြင်းနှင့် ဆက်စပ်ဆေးဘက်ဆိုင်ရာ အခြေအနေများ၊ လိင်ပိုင်းဆိုင်ရာ ပုံသေကားကျသတ်မှတ်ချက်၊ လိင်ပြောင်းလဲမှုအခြေအနေနှင့် လိင်စိတ်ခံယူချက် အပါအဝင်) လိင်ပိုင်းဆိုင်ရာ၊ (အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အားနည်းခြင်း အပါအဝင်) နိုင်ငံဇာတိ၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် နိုင်ငံရေးယုံကြည်မှုတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လုပ်သားအင်အားဆန်းသစ်တီထွင်မှုနှင့် အခွင့်အရေးဆိုင်ရာ အက်ဥပဒေ၏ ခေါင်းစဉ် I အောက်တွင် ငွေကြေးပိုင်းဆိုင်ရာအရ အကူအညီပေးထားသည့် အစီအစဉ်များတွင် အကျိုးခံစားခွင့်ရှိသူ၊ လျှောက်ထားသူ သို့မဟုတ် ပါဝင်သူ မှန်သမျှအပေါ် ထိုသူ၏ နိုင်ငံသားဖြစ်မှုအခြေအနေ သို့မဟုတ် WIOA ခေါင်းစဉ် I–ငွေကြေးပိုင်းဆိုင်ရာအရ အကူအညီပေးထားသည့် အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်မှုအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း။

ငွေကြေးအကူအညီလက်ခံရရှိသူအနေဖြင့် အောက်ဖော်ပြပါ မည်သည့်နယ်ပယ်တွင်မျှ ခွဲခြားဆက်ဆံခြင်း မပြုရ- WIOA ခေါင်းစဉ် I–ငွေကြေးအကူအညီပေးသည့် အစီအစဉ် သို့မဟုတ် လုပ်ငန်းဆောင်တာများကို မည်သူက လက်ခံရရှိမည် သို့မဟုတ် ရယူခွင့်ရှိမည်ကို ဆုံးဖြတ်ခြင်း၊ အဆိုပါ အစီအစဉ် သို့မဟုတ် လုပ်ငန်းဆောင်တာနှင့်ပတ်သက်သူမှန်သမျှကို အခွင့်အရေးများပေးခြင်း သို့မဟုတ် ဆက်ဆံပြောဆိုခြင်း သို့မဟုတ် အဆိုပါ အစီအစဉ် သို့မဟုတ် လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲရာတွင်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ အလုပ်ခန့်အပ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း။

ဖယ်ဒရယ်အစိုးရ၏ ငွေကြေးအကူအညီကို လက်ခံရရှိသူများသည် မသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆိုရာတွင် အခြားသူများနှင့် ဆက်သွယ်ပြောဆိုသကဲ့သို့ ထိထိရောက်ရောက် ဆက်သွယ်နိုင်ကြောင်း သေချာစေရန် သင့်လျော်သော အဆင့်များကို လုပ်ဆောင်ရမည်။ ဆိုလိုသည်မှာ ငွေကြေးအကူအညီ လက်ခံရရှိထားသူများအနေဖြင့် သတ်မှတ်ချက်ပြည့်မီသည့် မသန်စွမ်းသူများကို ၎င်းတို့ဘက်က သင့်လျော်သောဆက်သွယ်ပြောဆိုမှုဆိုင်ရာ ထပ်ဆောင်း အကူအညီများနှင့် ဝန်ဆောင်မှုများ တောင်းဆိုလာပါက အခမဲ့ပံ့ပိုးပေးရန် လိုအပ်ပါသည်။

**ခွဲခြားဆက်ဆံမှုကို သင်တွေ့ကြုံခဲ့ရသည်ဟု ယုံကြည်ပါက ဘာလုပ်ရမလဲ။**

WIOA ခေါင်းစဉ် I–ငွေကြေးအကူအညီပေးထားသော အစီအစဉ် သို့မဟုတ် လုပ်ငန်းဆောင်တာတွင် သင်သည် ခွဲခြားဆက်ဆံခံရသည်ဟု ယူဆပါက ထိုကဲ့သို့ စွပ်စွဲထားသည့်ချိုးဖောက်မှု ဖြစ်ပွားခဲ့သည့် နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း အောက်ဖော်ပြပါ နည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားချက်ကို တင်သွင်းနိုင်သည်- ငွေကြေးအကူအညီလက်ခံရရှိသူ၏ တန်းတူအခွင့်အရေးဆိုင်ရာ တာဝန်ရှိသူ (သို့မဟုတ် ဤကိစ္စရပ်အတွက် ငွေကြေးအကူအညီလက်ခံရရှိသူက ရွေးချယ်သတ်မှတ်ထားသူ) ထံ တိုင်ကြားနိုင်သည်။

John Quinn, Vice President of Administration, Associates for Training and Development, P.O. Box 107, 3 Champlain Commons, Suite 2, St. Albans, VT 05478, 1-800-439-3307, ext.125, VT TDD/TTY Relay 711, jquinn@a4td.org

**သို့မဟုတ်-** **Director, Civil Rights Center (CRC), U.S. Department of Labor**
**200 Constitution Avenue NW, Room N-4123, Washington, DC 20210**
သို့မဟုတ် CRC ဝဘ်ဆိုက် www.dol.gov/crc. တွင် ညွှန်ကြားထားသည့်အတိုင်း အီလက်ထရွန်နစ်နည်းဖြင့် တိုင်ကြားနိုင်ပါသည်။

ငွေကြေးအကူအညီလက်ခံရရှိသူထံတွင် သင့်တိုင်ကြားချက်ကို တင်သွင်းထားသည်ဆိုလျှင် Civil Rights Center (နိုင်ငံသား အခွင့်အရေးများဆိုင်ရာ စင်တာ) (အထက်ဖော်ပြပါ လိပ်စာကို ကြည့်ပါ) သို့ မတင်သွင်းမီ ငွေကြေးအကူအညီလက်ခံရရှိသူက နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို ထုတ်ပြန်သည်အထိ သို့မဟုတ် ရက်ပေါင်း ၉၀ ကျော်လွန်သည်အထိ (မည်သည်ကအရင်ဖြစ်ပေါ်သည်ဖြစ်စေ) ထိုအချိန်အထိ စောင့်ဆိုင်းရမည်။ ငွေကြေးအကူအညီလက်ခံရရှိသူသည် သင်တိုင်ကြားချက် တင်သွင်းခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၉၀အတွင်း နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို သင့်အားမပေးအပ်ပါက အဆိုပါ အသိပေးစာကို လက်ခံမရရှိမီ သင်သည် CRC ထံတွင် တိုင်ကြားချက်တစ်စောင်ကို တင်သွင်းနိုင်ပါသည်။ သို့ရာတွင် သင်၏ CRC တိုင်ကြားချက်ကို နောက်ဆုံးသတ်မှတ်ထားသည့် ရက်ပေါင်း ၉၀ မှ ရက် ၃၀ အတွင်း (တစ်နည်းအားဖြင့် ငွေကြေးအကူအညီလက်ခံရရှိသူထံ သင့်တိုင်ကြားချက် တင်သွင်းခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၁၂၀ အတွင်း) တင်သွင်းရမည်။ ငွေကြေးအကူအညီလက်ခံရရှိသူသည် သင့်တိုင်ကြားချက်နှင့်ပတ်သက်ပြီး နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို သင့်အား ပေးသော်လည်း သင်သည် ဆုံးဖြတ်ချက် သို့မဟုတ် ဖြေရှင်းချက်ကို ကျေနပ်မှုမရှိပါက CRC ထံတွင် တိုင်ကြားချက်တစ်စောင်ကို တင်သွင်းနိုင်သည်။ နောက်ဆုံးအရေးယူဆောင်ရွက်ချက် အသိပေးစာကို သင်လက်ခံရရှိခဲ့သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သင်၏ CRC တိုင်ကြားချက်ကို တင်သွင်းရမည်။

Vermont အလုပ်သမားရေးရာ ဦးစီးဌာနသည် တန်းတူ အခွင့်အရေးပေးသည့် အလုပ်ရှင်လည်းဖြစ်ပြီး ဝန်ဆောင်မှုပေးသူလည်းဖြစ်သည်။ သင့်တွင် မသန်စွမ်းမှုရှိပြီး ဤအချက်အလက်များနှင့် ပတ်သက်၍ အကူအညီလိုအပ်ပါက Vermont လိုင်းလွှဲဝန်ဆောင်မှုအတွက် 7-1-1 ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။ ကျေးဇူးပြု၍ ဖုန်းနံပါတ် 802-828-4000 ကိုခေါ်ဆိုပြီး သင်နှစ်သက်ရာဘာသာစကားသို့ ဘာသာပြန်ဆိုခြင်းအပါအဝင် အခြားသောအချက်အလက်ပုံစံများကို အခမဲ့ တောင်းခံရန် 0 ကို နှိပ်ပါ။